The Asia Foundation

In partnership with Canada



# နိုင်ငံတကာ၏ ငြိမ်းချမ်းရေး ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံတွင် ထိရောက်သော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

## အနှစ်ချုပ်ဖော်ပြချက်၊ မတ်လ ၂၀၂၄

အဖွဲ့အစည်းသည် ဖိုင်အား ရရှိနိုင်ပါသည်။ myanmarpeaceresearch.org

ဒေါင်းလုတ်လေ့လာရန်

***ဤသုတေသနစီမံကိန်းသည် ၂၀၁၅ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့် စပ်ဆိုင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဥ်ကို စူးစမ်းလေ့လာထားသည်။ ထိုအချိန်က ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် နိုင်ငံတကာ ပံ့ပိုးမှုများ၏ အောင်မြင်မှုများနှင့် ကျရှုံးမှုများကို အလေးထားလေ့လာပြီး၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် မူဝါဒ ချမှတ် သူများနှင့် လက်တွေ့လုပ်ဆောင်သူများ အသုံးချနိုင်သည့် တွေ့ရှိချက်များကို အတူတကွ ရေးသားဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန်အတွက် အနာဂတ်ကြိုးပမ်းမှုများသည် ယခင်ကနှင့် လွန်စွာကွဲပြားနေမည်ဖြစ်သော် လည်း ၊ အတိတ်မှ သင်ခန်းစာများကို ထည့်သွင်းစဥ်းစားရန် အလွန်အရေးကြီးသည်။***

၂၀၂၁ ဖေဖော်ဝါရီလတွင် စစ်တပ်မှ အရပ်သားအစိုးရကို ဖြုတ်ချခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံသည် အကျပ်အတည်း အတွင်းသို့ ကျရောက်ခဲ့သည်။ ခုခံတော်လှန်မှုများ ပြန့်နှံ့လာမှုကြောင့် နိုင်ငံနေရာအတော်များများတွင် ပဋိပက္ခများ လွှမ်းမိုးခဲ့ပြီး ဆယ်စုနှစ်များစွာ လှုပ်ရှားခဲ့သည့် လက်နက်ကိုင်အဖွဲ့များထံသို့ ကာကွယ်ရေးတပ်ဖွဲ့သစ်အများအပြား ပူးပေါင်းခဲ့ကြသည်။

အကျပ်အတည်းသည် တိုင်းပြည်လွတ်လပ်ရေးရပြီးကတည်းက မမြင်ဖူးခဲ့သည့် ပြင်းထန်မှုအဆင့်ထိ ရောက်ရှိလာခဲ့သည်။ နိုင်ငံနေရာအတော်များများတွင် ကျယ်ပြန့်သော အကြမ်းဖက်မှုများ ၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများနှင့် တိုက်ရိုက် ထိခိုက်ခံစားခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များစွာရှိလာသည်။ အာဏာသိမ်းပြီးနောက် သုံးနှစ်တာကာလအတွင်း သီးခြားလက်နက်ကိုင်တိုက်ပွဲများ သို့မဟုတ် ဖြစ်ရပ်ပေါင်း ၃၀,၀၀၀ အတွင်း လူပေါင်း ၄၅,၀၀၀ ကျော် သေဆုံးခဲ့သည်။ အနည်းဆုံး လူ ၁.၅ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး လူဦးရေအများစုသည် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ အထောက်အပံ့များ သိသိသာသာ လိုအပ်နေသည်။[a]

စစ်တပ်အာဏာသိမ်းမှုနှင့် ၎င်း၏ အပြောင်းအလဲ ကာလတစ်ခုအပြီးတွင်၊ အခွင့်အလမ်းများနှင့် မျှော်လင့်ချက်များပေး ဆောင်သော ဒီမိုကရေစီနှင့် စီးပွားရေး အခွင့်အလမ်း ခေတ္တခဏဖြစ်ထွန်းခဲ့သည်။

ပြုပြင်ပြောင်းလဲရေးများ မြှင့်တင်လာသည်နှင့်အမျှ ပိတ်ဆို့အရေးယူမှုများကို ရုတ်သိမ်းခဲ့ပြီး၊ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့ အစည်းများက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်ပံ့ပိုးပေးနိုင်ရန်အတွက် ကြိုးပမ်းခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး ဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ဆယ်စုနှစ်များစွာကြာ ပဋိပက္ခဒဏ် ခံခဲ့ရသည့် နယ် မြေအချို့ကို လွှမ်းခြုံစေခဲ့သောကြောင့် ငြိမ်းချမ်းသောအနာဂတ်ဖြစ်နိုင်ချေရှိသည်ဟု အကောင်းမြင်ဝါဒ (optimism) ကို ဦးတည်ခဲ့သည်။

ကနေဒါအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အာရှဖောင်ဒေးရှင်းမှပြုလုပ်သော ဤသုတေသနတွင် အဓိကသတင်းအချက်အလက် ပေးသူများနှင့် ၂၀၂၃ တွင် အသေးစိတ် တွေ့ဆုံမေးမြန်းမှုအများအပြား ပါဝင်ခဲ့သည်။ ၎င်းတို့မှာ ငြိမ်းချမ်းရေး ကျွမ်းကျင် ပညာရှင်များ၊ အရပ်ဘက် တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံသားနှင့် နိုင်ငံတကာပညာရှင်များ၊ နိုင်ငံခြားထောက်ပံ့ကူညီရေး တာဝန်ရှိသူများနှင့် အခြားသူများတို့ဖြစ်သည်။ သုတေသနအဖွဲ့သည် အစီရင်ခံစာများ၊ စာတမ်းများ၊ ဆောင်းပါးများနှင့် စာအုပ်များ အနည်းငယ်ကို ကိုးကားခဲ့သည်။ လေ့လာမှုအား ကဏ္ဍများစွာဖြင့် တင်ပြထားပါသည်။

- **အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ။** မြန်မာနိုင်ငံသို့ အနာဂတ်နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီအတွက် အဓိကသင်ခန်းစာများကို ရေးသားဖော်ပြထားသည်။
- **ငြိမ်းချမ်းရေး တည်ဆောက်မှု နောက်ခံအခြေအနေ - အမြစ်တွယ်နေသည့် စိန်ခေါ်မှုများနှင့် တစ်စိတ်တပိုင်း ပြုပြင်ပြောင်းလဲမှုများ။** ၂၀၁၀-၂၀၂၀ ကာလတွင်း မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဥ်၏ နောက်ခံအခြေအနေကို ဖော်ပြထားသည်။
- **မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် နိုင်ငံခြားအကူအညီပံ့ပိုးမှုမှ သင်ခန်းစာများ။** နိုင်ငံတကာပံ့ပိုးမှု၏ အောင်မြင်မှုနှင့် ကျရှုံးမှုများကို အနှစ်ချုပ်ဖော်ပြထားသည်။
- **မြန်မာနိုင်ငံတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ရန်ပုံငွေ ပံ့ပိုးမှုပုံစံများ၊ ၂၀၁၀–၂၀၂၀။** ငြိမ်းချမ်းရေး လုပ်ငန်းစဥ်များတွင် ကျား-မ ရေးရာ (ဂျန်ဒါ) ပါဝင်မှုအတွက် ရန်ပုံငွေပံ့ပိုးခြင်းကို အနီးကပ်လေ့လာထားပြီး အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအစီအစဥ် မည်သို့ အဆင့်မြင့်ဆောင်ရွက်ခဲ့ပုံကို ဖော်ပြထားသည်။

---

a Incident and casualty data from IISS / ACLED. Displacement and humanitarian data from UNHCR. [Accessed 12 February 2024.]

# အစိကတွေ့ရှိချက်များ

***အနောက်နိုင်ငံ ထောက်ပံ့ကူညီမှုအစီအစဉ်များသည် တန်ဖိုးရှိသော အထောက်အပံ့များကို ပံ့ပိုးခဲ့သော်လည်း ဆယ်စုနှစ်များစွာကြာ ပဋိပက္ခများကို တွန်းအားပေးခဲ့သည့် အမြစ်တွယ်နေသော ပြဿနာများနှင့် ထိတွေ့ ဆက်ဆံရန်အတွက် ရှန်းကန်နေရဆဲဖြစ်သည်။*** ၂၀၁၀ မှ ၂၀၂၀ ကာလအထိ၊ အနောက်နိုင်ငံများနှင့် အခြားသော ဒီမိုကရေစီနိုင်ငံများတွင် မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ခိုင်မာအားကောင်းစွာ ပံ့ပိုးပေး ခဲ့ခြင်းသည် အထူးသဖြင့် လူမျိုးရေးတင်းမာမှုနှင့် ပဋိပက္ခများကို လျစ်လျူရှုခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာလုံး ဆိုင်ရာအောင်မြင်မှု ဇာတ်လမ်းတစ်ပုဒ်ဖြစ်လာခဲ့ပြီး၊ ၂၀၁၅ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘော တူညီချက်သည် အချိန်တိုအတွင်း တရားဝင်ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်၏ လမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု အနောက်နိုင်ငံ အလှူရှင်များက အလွန်အကောင်းမြင်ခဲ့ သည်။

*ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်ခဲ့သည့် အနောက်နိုင်ငံအလှူရှင်များသည် ဒေသတွင်း ပထဝီနိုင်ငံရေးကို လုံလုံလောက်လောက် ထည့်သွင်းစဥ်းစားခဲ့ခြင်းမရှိပေ။* တရုတ်နှင့် အခြားအာရှနိုင်ငံများသည် မြန်မာနိုင်ငံ အတွင်း အရေးပါသော ဩဇာလွှမ်းမိုးမှုများရှိနေသည်။

*အလှူရှင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်တွင် ယုံကြည်မှုတည်ဆောက်ရန် ကြိုးပမ်းသော်လည်း* ၎င်းတို့၏ ကိုယ်ပိုင်ရေတိုတွေးခေါ်မှု၊ အစီအစဥ်မကျသော လုပ်ထုံးလုပ်နည်းများနှင့် ဗဟိုအစိုးရနှင့် လိုက်လျောညီထွေဖြစ် စေလိုသော သဘောထားတို့ကြောင့် အတားအဆီးဖြစ်စေခဲ့သည်။ နိုင်ငံရေးအရ ပါဝင်ပတ်သက်သည့် အစီအစဥ် များကို ပိုမိုကြီးမား၍ သမားရိုးကျ စဦးဆောင်ရွက်လှုပ်ရှားမှုများဖြင့် အစားထိုးခဲ့သည်မှာ မြန်ဆန်လွန်းလှသည်။

**"ငြိမ်းချမ်းရေးဖြစ်စဥ်ကို အစပျိုးမှုတွေ၊ လုပ်ဆောင်မှုတွေနဲ့ ပံ့ပိုးမှုတွေ စတာတွေပေါ်တဲ့ ဖြစ်စဥ်တစ်ခုဖြစ်ပြီး ကနဦး အမြင်ဘယ်လိုပဲဖြစ်ဖြစ် အမှန်တကယ်ကျရှုံးမှုတစ်ခုတော့ မဟုတ်ပါဘူး။ ဒါက ဖြစ်စဥ်ရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး ၂၀၁၁ မှ တိုင်ခင်က ပျိုးထောင်ခဲ့တဲ့ ပံ့ပိုးမှုတွေနဲ့ အတိတ်ကအရာတွေပေါ်မှာ တည်ဆောက်လာတာဖြစ်ပါတယ်။"**

(အလှူရှင် အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်နေသည့် ရန်ကုန်အခြေစိုက် ပဋိပက္ခဆိုင်ရာကျွမ်းကျင် ပညာရှင်)

**ကျား-မ (ဂျန်ဒါ) တန်းတူညီမျှမှုနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဥ်များသည် အမှန်တကယ် အကျိုးသက်ရောက်မှု မရရှိကြပါ။** ဟန်ပြသက်သက် သို့မဟုတ် သေချာစွာ စဥ်းစားစီစဥ်မှုမရှိသော ချဥ်းကပ်မှု များသည် အပေါ်ယံပြောင်းလဲမှုများကိုသာ ပစ်မှတ်ထား၍ အန္တရာယ်ဖြစ်စေသည့်အပြင်၊ အပြိုင်အဆိုင်တောင်း ဆိုမှုများဖြင့် ပြည်တွင်းအစုအဖွဲ့ငယ်များအား ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။

*ပြောင်းလွယ်ပြင်လွယ်ရှိသော ရန်ပုံငွေပံ့ပိုးမှုသည် အကောင်းဆုံးဖြစ်သည်။* တင်းကျပ်သော စီမံကိန်းဖော်ဆောင်မှုသည် အရေးကြီးသော လိုက်လျောညီထွေဖြစ်မှုကို ကန့်သတ်ရန် အလားအလာရှိပြီး၊ စုပေါင်းရန်ပုံငွေ များနှင့်ပတ်သက်၍ သဘောထား ကွဲပြားဆန့်ကျင်မှုများရှိခဲ့သည်။

# အစိက အကြံပြုချက်များ

***ရေရှည်အမြင်ထားရှိပါ။*** အနာဂတ်တွင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပံ့ပိုးရန် အခွင့်အလမ်းများပေါ်ပေါက်လာပါက အလှူရှင်များသည် ကြမ်းတမ်းပြီး မခန့်မှန်းနိုင်သည့် ငြိမ်းချမ်းရေးသို့ သွားရာ လမ်းကြောင်းများ အတွက် ပြင်ဆင်ဆောင်ရွက်ထားသင့်သည်။

*ထပ်တူထပ်မျှ ဖြစ်နေလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။* မြန်မာနိုင်ငံသည် ပြောင်းလဲသွားခဲ့ပြီဖြစ်ပြီး အနာဂတ် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်များသည် ယခင်ကနှင့် အလွန်ကွာခြားသွားမည်ဖြစ်သည်။ ကိုယ်ပိုင် အုပ်ချုပ်ပြဋ္ဌာန်းခွင့် အတွက် တောင်းဆိုမှုများသည် ပိုမိုအားကောင်းလာကာ အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့် ကြီးမား သောကွဲပြားမှုများကို အခြေခံအဖြစ် အသိအမှတ်ပြုရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စီမံအုပ်ချုပ်မှု ဦးဆောင်မှုနေရာအတွက် ပြိုင်ဆိုင်ခြင်းနှင့် ပဋိပက္ခများမှ ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများသည် ခက်ခဲပြီး "ပတ်လည်ရိုက်ပြဿနာများ" ဖြစ်သောကြောင့် သိမ်မွေ့ကွဲပြားသည့် ချဥ်းကပ်မှုများ လိုအပ်သည်။

**အခြေအနေများခွင့်ပြုသည်နှင့် တပြိုင်နက် ယုံကြည်မှု တည်ဆောက်ရေးနှင့် လူထုယုံကြည်မှု အစီအမံများကို ပံ့ပိုးကူညီပါ။** တိုးတက်မှုများရှိလာပါက ပဋိပက္ခဖြေရှင်းရေး၊ ဆွေးနွေးပွဲနှင့် အဖွဲ့များအားလုံးနှင့် တိုင်ပင် ဆွေးနွေးခြင်းတွင် ပြည်တွင်း ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီခြင်းဖြင့် စောစီးစွာ စတင်ရန် ကြည့်ပါ။

**ပဋိပက္ခ အစုအဖွဲ့အားလုံးကို တန်းတူညီမျှ လေးစားမှုအမြင့်ဆုံးဖြင့်ဆက်ဆံပါ။** အစိုးရမဟုတ်သော အစုအဖွဲ့ များအပေါ် အစိုးရများနည်းတူ တန်းတူညီမျှမှု အမြဲပေးနိုင်မည် မဟုတ်သော်လည်း ၎င်းတို့၏ စိန်ခေါ်မှုများကို နားလည်ရန်နှင့် ၎င်းတို့၏ ရပ်တည်ချက်များကို အသိအမှတ်ပြုရန် လိုအပ်သည်။

**အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုလက်တွဲပြီး လုပ်ဆောင်ရန် စဥ်းစားပါ။** ပြင်ပစောင့်ကြည့်ကွပ်ကဲမှု သို့မဟုတ် အကြံပေးအဖွဲ့များကဲ့သို့ သီးခြားတည်ဆောက်သွားနိုင်မည့် အခွင့်အလမ်းများအပါအဝင်၊ မြန်မာ့အိမ်နီးချင်းနိုင်ငံ အစိုးရများ၊ ဒေသတွင်း အင်အားကြီးနိုင်ငံများနှင့် အာဆီယံနှင့် ဘုံသဘောတူညီချက်များကို ရှာဖွေရန် စဥ်းစား ပါ။

*အမျိုးသားအဆင့် ချဥ်းကပ်မှုများကို လိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်ပြီး၊ မြန်မာနိုင်ငံ၏ များပြားသည့် မတူကွဲပြားမှုကို သိရှိနားလည်အောင် လုပ်ဆောင်ခြင်းကို* နောက်မှရသော စိတ်ကူးမျိုးမဟုတ်ပဲ၊ ဗဟိုမဏ္ဍိုင် အဖြစ်ထားရှိ၍ အစီအစဥ်များ ရွေးချယ်စီစဥ်ပါ။

***အလှူရှင်အများအပြားပါဝင်သည့် စုပေါင်းရန်ပုံငွေများအကြောင်းကို သေသေချာချာ ထပ်ပြီးသုံးသပ်ကြည့်ရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုကို သေချာစဉ်းစားပါ။*** စုပေါင်းရန်ပုံငွေများသည် အနိမ့်ဆုံးသောလိုအပ်ချက်များအပေါ် ခွဲဝေမှုများဖြစ်တတ်ပြီး ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများသည် အရေးကြီးသော်လည်း ရိုးရှင်း၊ လက်တွေ့ကျပြီး ထိရောက်မှုရှိရန်လိုအပ်သည်။

***အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုများနှင့် ပတ်သက်၍ မဟာဗျူဟာမြောက်စွာ ချမှတ် ဆောင်ရွက်ပါ။*** ရန်ပုံငွေ ပံ့ပိုးခြင်း လမ်းကြောင်းများသည် သေးငယ်သော်လည်း ပံ့ပိုးကူညီမှုသည် ကောင်းမွန်စွာ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှုရှိပြီး၊ ရေရှည်နှင့် ခိုင်လုံသော အကြောင်းအရာဆိုင်ရာ အထောက်အထားအပေါ် အခြေခံပါက ၎င်းတို့သည် အကျိုး သက်ရောက်မှုကို ရရှိနိုင်ပါသည်။

***အလုပ်ဖြစ်သည့်အစီစဉ်များနှင့်ပတ်သက်သည့် ရှိပြီးသား အသိပညာဗဟုသုတများအပေါ်တွင် အခြေခံ၍ ဆက်လက်တည်ဆောက်ရန်နှင့် အကောင်ထည်ဖော်ဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပါ။*** ယခင် အကဲဖြတ်မှုများ အပါအဝင် အစီအစဥ်များကို အထောက်အထားများအပေါ်တွင် အခြေခံ၍၊ ရှေ့ပြေး စမ်းသပ်စီမံ ကိန်းများ (Pilot Programs) ကို ပံ့ပိုးထောက်ပံ့လိုစိတ်ရှိပါ။ ဒေသခံများကိုယ်တိုင်ဦးဆောင်ပြီး ပြောင်းလွယ် ပြင်လွယ်သော အစီအစဥ်များသည် အကောင်းဆုံးလုပ်ဆောင်နိုင်ကြောင်း သက်သေအထောက်အထားများက ပြသနေသည်၊ အထူးသဖြင့် လက်ရှိကြိုးပမ်းအားထုတ်မှုများ၏ လိုအပ်ချက်များနှင့် ဦးစားပေးများ ကိုက်ညီသော ကြောင့်ဖြစ်သည်။

***အလျင်စလို မလုပ်ပါနှင့်။*** 'ရတနာပုံဆိုက်ကိန်း' နိုင်ငံခြားထောက်ပံ့ကူညီမှုမျိုးကို ရှောင်ရှားနိုင်ရန်အတွက် သေးသေးလေးက စတင်ပြီး ဖြည်းဖြည်းချင်း တည်ဆောက်ပါ။

ယခုလေ့လာမှုစာတမ်းများကို ကနေဒါအစိုးရ၏ ပံ့ပိုးမှုဖြင့် ဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ ယခုစာတမ်းများတွင် ဖော်ပြထားသော အမြင်များမှာ စာရေးသူများ၏ ကိုယ်ပိုင်သာဖြစ်ပြီး အာရှဖောင်ဒေးရှင်းနှင့် ကနေဒါအစိုးရ၏ အာဘော်ကို ထင်ဟပ်စေခြင်း မရှိပါ။